**(၂) နှောင်းပင်နာကျရောဂါ (Late Blight)**

**ရောဂါဖြစ်စေသက်ရှိ- *Phytophthora infestans* (Mont.) de Bary**

**ရောဂါလက္ခဏာ**

အရွက်ပေါ်တွင် ပုံမှန်မရှိသော အနားရစ်များ မရှိသည့် အစိမ်းရောင် ရေစိုနာကွက်များ စတင် ဖြစ်ပေါ်သည်။ ရွက်နားနှင့်ထိပ်ဖျားပိုင်းတွင် များသောအားဖြင့်တွေ့ရသည်။ ရောဂါပြင်းထန်ပါက အညိုရောင်/အမဲရောင် ပြောင်းသွားပြီး တစ်ရွက်လုံးခြောက်သွားသည်။ အရွက်အောက် မျက်နှာ ပြင်တွင် အဖြူရောင် မှိုများကို တွေ့ရသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ခံနိုင်ရည်ရှိသော မျိုးကို အသုံးပြုပါ။
- ရောဂါကင်းသော မျိုးကို အသုံးပြုပါ။
- ရောဂါကျသော ပင်ကြွင်းပင်ကျန်များအား မီးရှို့ဖျက်ဆီးပါ။
- ရောဂါကွက် စတင်တွေ့ရှိပါက အောက်ပါမှိုသတ်ဆေးများကို ပက်ဖျန်းအသုံးပြုပါ။ Azoxystrobin (အဇိုဆီစထရိုဘင်)၊ Propineb (ပရောပီနက်ဘ်)၊ Cymoxanil (ဆိုင်မောက်စနေးလ်)၊ Dimethomorph (ဒိုင်မီသိုမော့ပ်)၊ Metalaxyl (မီတယ်လဆီ)၊ Fosetyl-AL (ဖော့စတိုင်အေအယ်လ်)၊ Mancozeb (မန်ကိုဇက်)